## ကုမ္ပဏီ မှတ်ပုံတင်ဆိုင်ရာ အချက်အလက်များ

## ပိုမိုပွင့်လင်းမြင်သာမှုရှိစေရေးအတွက် အများပြည်သူ၏ အကြံပြုချက် တောင်းခံခြင်း

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ စတင် အာဏာ တည်ပြီး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အီလက်ထရောနစ်မှတ်ပုံတင်စနစ် (MyCO) အား စတင်အသုံးပြုလျက်ရှိရာ မှတ်ပုံတင်ထားသောကုမ္ပဏီများနှင့် စပ်လျဉ်း သော မှတ်ပုံတင်ဆိုင်ရာ အချက်အလက်များအား အများပြည်သူမှရယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ လက်ရှိအချိန်တွင် ကုမ္ပဏီမှတ်ပုံတင်ဆိုင်ရာ အခြေခံ သတင်းအချက်အလက်များအား အများပြည်သူမှ အခမဲ့ရယူနိုင်ပြီး အသေးစိတ် အချက်အလက်များအား မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ပုဒ်မ ၄၂၁ (င) နှင့် အညီ သတ်မှတ်အခကြေးငွေပေးသွင်းရယူနိုင်ရန် စီစဉ်ထားရှိပါသည်။

ပိုမိုပွင့်လင်း မြင်သာပြီး ယှဉ်ပြိုင်မှုနှင့် စည်းမျဉ်း ဥပဒေများကို အခြေခံသည့် စီးပွားရေး ပုံစံများပေါ်ထွန်းလာစေရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ပုဒ်မ ၄၂၁ (ခ) အရ အပ်နှင်းထားသော အခွင့်အာဏာနှင့်အညီ ကုမ္ပဏီ ပိုင်ဆိုင်မှုဆိုင်ရာ အချို့သတင်းအချက်အလက်များအား အခမဲ့ရယူနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ပုဒ်မ ၄၂၁ (စ) နှင့် အညီ ကုမ္ပဏီ ဖွဲ့စည်း တည်ထောင်သည့် သက်သေခံလက်မှတ် သို့မဟုတ် မိတ္တူ သို့မဟုတ် ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြရသည့် ကုမ္ပဏီ၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရှိရမည့် အခြားစာရွက်စာတမ်း၏ ကောက်နုတ်ချက် သို့မဟုတ် အခြားစာရွက်စာတမ်း၏ မည်သည့်အစိတ်အပိုင်းကိုမဆိုအား အများပြည်သူမှ သတ်မှတ်အခကြေးငွေ ပေးသွင်း၍ရယူနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အများပြည်သူမှ မှတ်တမ်းများ တောင်းခံရယူနိုင်ရန်အတွက် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းအား အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် ဖော်ပြရာ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် (၅၉/၂၀၁၈) အပိုဒ် ၅ ပါ သတ်မှတ်ချက်နှင့်အညီ ဖော်ပြမှတ်ပုံတင်ကြရန် တိုက်တွန်းအပ်ပါသည်။

အီလက်ထရောနစ် မှတ်ပုံတင်စနစ်တွင် မှတ်ပုံတင်ထားသည့် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများ၏ ကုမ္ပဏီ ပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များအား အများပြည်သူမှ အခမဲ့ရယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရာတွင် ဖော်ပြပေးစေလိုသော အခြေအနေတစ်ရပ်အတွက် အကြံပြုချက်များကို

အောက်ပါလိပ်စာများအတိုင်း ၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ အထိ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်-

dica@mptmail.net.mm

dir.myco@dica.gov.mm

ဖက်စ်- -၀၁ ၆၅၈၁၃၅

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန